COVID-19 ကာကွယ်ဆေး

2

လူကြီးအားလုံး
65 နှစ်နှင့်အထက်

65 နှစ်နှင့်အထက်ရှိ လူကြီးအားလုံး COVID-19 ကာကွယ်ဆေး ရနိုင်ချိန်မှာ ထိုးရပါမည်။

ကာကွယ်ဆေး ထိုးခြင်း၊ နှာခေါင်းစည်း တပ်ခြင်းနှင့် ခပ်ခွာခွာ နေထိုင်ခြင်းဖြင့် သင့်ကိုယ်သင်နှင့် ကာကွယ်ခြင်းသည် COVID-19 မှ အကောင်းဆုံး ကာကွယ်ခြင်း ဖြစ်သည်။

ကာကွယ်ဆေးထိုးခြင်းက COVID-19 မှ ဖြစ်သော နာမကျန်းဖြစ်မှု အမျိုးမျိုး အတွက် အန္တရာယ်တိုးမြင့်နိုင်သူ သင့်ဝန်းကျင်ရှိ လူများကိုလည်း ကာကွယ်ပေးနိုင်သည် ။

COVID-19 ကာကွယ်ဆေး ထိုးခြင်း၏ အကျိုးကျေးဇူးများက ဘာတွေလဲ?

သက်ကြီးရွယ်အိုများက ဆေးရုံတက်ရသော (သို့) COVID-19 ကြောင့် သေအံ့ဆဲဆဲဖြစ်သော အန္တရာယ် ပိုများသဖြင့်၊ မက္ကလင်ဘတ်ကောင်တီ ပြည်သူ့ကျန်းမာရေးဌာန (MCPH) က ကာကွယ်ဆေး ရနိုင်ချိန်မှာ စီနီယာအရွယ်များ ထိုးကြရန် အကြံပြုပါသည်။

ဗိုင်းရပ်ပိုးနှင့် သင် ထိတွေ့မိလျှင် ကာကွယ်ဆေးက ဗိုင်းရပ်ပိုးအား တိုက်ဖျက်ရန် သင့်ကိုယ်ခံအားစနစ်ကို အသင့်ပြင်ပေးပါသည်။ နှာခေါင်းစည်းတပ်ခြင်းနှင့် ခပ်ခွာခွာ နေထိုင်ခြင်းကဲ့သို့ အခြားအဆင့်များက ဗိုင်းရပ်ပိုးဖြင့် ထိတွေ့မိနိုင်သော (သို့) ဗိုင်းရပ်ပိုးကို အခြားသူများဆီ ပျံ့နှံ့ကူးစက်နိုင်သော အခွင့်အရေးမျိုး လျော့ကျအောင် ကူညီပေးပါသည်။

ကာကွယ်ဆေးအကြောင်း

ယူနိုက်တက်စတိတ်၌ လက်ရှိ ရနိုင်သော COVID-19 ကာကွယ်ဆေးများက COVID-19 အား တားဆီးရာမှာ အလွန် ထိရောက်မှုရှိကြောင်း ပြဆိုထားပါသည်။

COVID-19 ကာကွယ်ဆေးအားလုံးက လူကြီးများတွင် **အန္တရာယ်ကင်းပြီး ထိရောက်မှုရှိကြောင်း** သေချာစေရန် လူထောင်ပေါင်းများစွာ ပါဝင်သော လက်တွေ့စမ်းသပ် သုတေသနပြုမှုများဖြင့် စစ်ဆေးခဲ့ပါသည်။

COVID-19 ကာကွယ်ဆေးအကြောင်းနှင့် ရနိုင်သော ရက်ချိန်းများအတွက် အချက်အလက် ပိုမိုရနိုင်သည့် နေရာ:
www.MeckNC.gov/COVID-19

MECKLENBURG COUNTY
North Carolina
Public Health
980-314-9400 ရွေးခွင့်နံပါတ် 8